
# မြပုလဲသွယ်

ကျော်ကျော်ဝေးလို့
ခွဲမနေချင်



# အခန်း (၁)

"ဘယ်လိုလုပ်ကြမလဲ နောင့်၊ ဦးကြီးတော့ ဘာမှ မကြံတတ်အောင် ဖြစ်နေပြီကွယ်"

"အေး... တို့ များကံကိုကလည်း ဆိုးလွန်းပါတယ် ဦးအိုက်ရီရယ်၊ နောင့်ခမျာလည်း ကြိုးစားရှာတာ ကျွန်မတို့ အမြင်ပဲ မဟုတ်လား"

"ဟင်း"

ကျယ်လောင်သော သက်ပြင်းရှိုက်သံက ဦးအိုက်ရီထံမှ ထွက်ပေါ် လာခြင်းဖြစ်ပါသည် ။ ဒေါ်အဲယာ၏ မျက်နှာမှာ လည်း မသာယာသလို ရီဝေသောမျက်ဝန်းအစုံမှာ လည်း မှိုန်းမှုန်သီရီလျက် လက်ထဲရှိ ဆေး လိပ်တိုမီး သေကြီးကို နှုတ်ခမ်းအစုံဖြင့် ယောင်ရမ်း ဖွာရှိုက်ပြီးမှ အသာ ပြန်ချထားလိုက်သည် ။

အားလုံးအကြည့်တွေက နောင့်၏ ဖြူနုလှပသော မျက်နှာလှလှလေး ထံမှာ သာ ရှိနေသည် ။ အခုချိန်မှာ အရေးအကြီးဆုံး ပုဂ္ဂိုလ်က နောင့်ကို ယ်တိုင်ပင် မဟုတ်ပါလား။

နောင့်ထံမှ အဆုံးအဖြတ်။

နောင့်ထံမှ နှုတ်ထွက်စကားတို့ သည် သာ အရေးကြီးလှသည့် အဖြစ်ကို နောင်ကိုယ်တိုင် ခံစားနားလည် သည် ။ အားလုံး၏ အားကိုး ရာသည် နောင်ကိုယ်တိုင်ဖြစ်သလို နောင့်အတွက် အားကိုးရာမှာ လည်း

နောင်ကိုယ် တိုင်ပဲ ဖြစ်သည် ။

မိမိကိုယ်သာ ကိုးကွယ်ရာဆိုသည့် စကားက နောင့်ကိုသာ ရည်ညွှန်းခဲ့ဟန် တူပါသည် ။ ဆွေမရှိ မျိုးမရှိ မိဘမဲ့တစ်ကောင်ကြွက်ဘဝဖြင့် ရပ်တည်ရှင်သန်လာခဲ့ရသည့် ဘဝကို အခုချိန်ကြမှ နောင်ကိုယ်တိုင် မလိုချင် တော့ပါဟု ငြင်းပယ်၍ မရစကောင်းနိုင်ပါ။

ဖြစ်တည်လာသည့် ဘဝကို နောင့်ဘက်က ရွေးချယ်ပိုင်ခွင့်မရှိသလို ငြင်းပယ်ရန် အခွင့်အရေးလည်း နောင့်တွင် မရှိ။ ဖြစ်လာသမျှကိုသာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ရင်ဆိုင်ဖြေရှင်းရသည် ကိုက နောင့်ဘဝ ဖြစ်သည် ။

နောင့်နှင့် သက်တူရွယ်တူ မိန်းကလေးတွေက မိဘရင်ခွင်မှာ ချွဲနွဲ့ပြီး ကလေးလုပ်နေကြချိန်မှာ နောင့် ကတော့ ဘဝခရောင်းတောမှာ အားမာန်အပြည့်ဖြင့် ဦးဆောင်ရန်းကန်လှုပ်ရှားရင်း ဘဝတစ်ခု ရှင်သန်ရပ်တည် နိုင်ဖို့ အတွက် ကြိုးစားနေခဲ့ရသည် ။

ဘဝပေးအခြေအနေချင်း မတူညီသော ဘဝတွေ ဖြစ်သော်လည်း ရရှိလာသောဘဝကို နောင့်ကိုယ်တိုင် တစ်ခါမှ စိတ်မပျက်ခဲ့ဘူးပါ။

အားမာန်အပြည့်ဖြင့် ဘဝကို ကြိုးစားရုန်းကန် တည်ဆောက်လာခဲ့ရသူ ဖြစ်သည့် အတိုင်း ဦးကြီး အိုက်ရီနှင့် ဒေါ်အဲယာတို့ စိတ်ပျက်အားငယ်စွာ ညည်းတွားနေချိန်မှာ နောင့်တစ်ယောက် အထူးတည်ငြိမ်လျက် တွေ့ကြုံရင်ဆိုင်လာရသည့် အခက်အခဲပေါ်မှာ သာ အကောင်းဆုံး ဖြေရှင်းနိုင်မည့် နည်းလမ်းကောင်းကိုသာ ရှာ ဖွေစဉ်းစားလျက်ရှိသည် ။

"သိပ်လည်း စိုးရိမ်မနေပါနဲ့ လေ၊ ကိုယ့်ဘက်က အကောင်းဆုံး လုပ်ခဲ့ပြီးပြီပဲ၊ ဖြစ်မလာတာတော့ မတတ်နိုင်ဘူး"

"ဒီတစ်နှစ် အဆင်မပြေလည်း နောက်တစ်နှစ်ပေါ့ဗျာ၊ နောင့် ရှိနေသ၍ ဘယ်လိုအခက်အခဲမျိုးပဲဖြစ် ဖြစ် ကြိုးစားရှန်းကန်ဖြေရှင်းသွားမှာပါ၊ တစ်ဆကြိုးစားလို့ မရရင် နောက်ထပ် နှစ်ဆသုံးဆ ပိုတိုးပြီး ကြိုးစား ကြတာပေါ့"

"အေးလေ... နောင့်ဆီက ဒီစကားမျိုးကြားရတာ ဦးကြီး ဝမ်းသာပါတယ်၊ အခြားကိစ္စတွေကလည်း ရှိသေးတယ် မဟုတ်လားကွဲ့"

"မတတ်နိုင်ဘူး ဦးကြီးရေ၊ လက်ရှိရင်ဆိုင်နေရတဲ့ ပြဿနာကို အရင်ဦးစားပေးရမှာ ပဲ၊ နောက်ကိစ္စကို နောက်မှ ရှင်းမယ်"

"ဦးစိုင်းတောင်တို့ လာရင် ဒေါ်အဲယာပဲ တာဝန်ယူလိုက်တော့ဗျာ၊ နောင်တော့ ကိစ္စလေးတွေရှိလို့ အပြင် ခဏသွားဦးမယ်"

"နောင် သွားလိုက်ဦးမယ် ဦးကြီး"

"ဘာနဲ့ သွားမှာ လဲ နောင်"

"ဖိုးညိုနဲ့ ၊ ဒေါ်အဲယာ အပြန်နောက်ကျလည်း စိတ်မပူနဲ့ ဟုတ်လား၊ နောင် အဝေးကြီးကို မသွားဘူး သိလား"

"အေးပါကွယ်... အေးပါ"

မြင်းညိုကြီးပေါ်ကို နောင့် ပေါ့ပါးစွာ လွှားခနဲရောက်သွားပုံကဖြင့် ဘာအပူအပင်မှ မရှိတဲ့ ကလေးငယ် တစ်ယောက်လိုပါလား။

ဦးကြီးနဲ့ ဒေါ်အဲယာကို တစ်ချက်မျှ လက်ကလေးဝှေ့ရမ်းပြခဲ့ပြီးနောက် မြင်းညိုကြီးကို ခပ်ကြမ်းကြမ်း လေး နှင်လိုက်သည် ။

အရှိန်ဖြင့် ပြေးလွှားနေသော မြင်းညိုကြီးပေါ်မှာ လိုက်ပါလာသူရဲ့ ရင်ထဲမှာ ဘယ်သူမှ မသိမမြင်နိုင်တဲ့ ခံစားချက်တွေကြောင့် နေဆယ်စင်း

အပြိုင် ထွန်းလင်းနေသလား ထင်မှတ်ရသည့် သူက နောင့်ကိုယ်တိုင် သာ ဖြစ်ပါသည် ။

ရင်ထဲက ခံစားချက်အစစ်အမှန်တွေကို ဘယ်သူ့ရှေ့မှာ မှ နောင့် မ ထုတ်ဖော်ရဲပါ။ ထုတ်လည်း မထုတ် ဖော်ရက်။ နောင့်အပေါ်မှာ ယုံကြည်မှုအပြည့်နှင့် အားကိုးတွယ်မှီနေကြသူတွေရဲ့ စိတ်ကို ပျက်ပြား ယိုင်နဲ့ သွား အောင် နောင့် မလုပ်နိုင်သလို နောင့်ကိုယ်နောင့်လည်း အား မာန်အပြည့်ဖြင့် ဘဝကို ရင်ဆိုင်ရဲအောင် သတ္တိတွေ မွေးပြီး ရှေ့ခရီးကို ဆက်လက်ချီတက်နိုင်ဖို့ စိတ်ကိုတင်းထားရပါဦးမည်။

ဒါမှ ရှေ့ဆက်ရမည့် အနာဂတ်ခရီးလမ်းအတွက် နောင်ဆိုတာ ဖြစ် တည်ရှင်သန်လာဦးမည် မဟုတ်ပါ လား။

မိုးညို ပြေးလွှားသွားရာ လမ်းတစ်လျှောက်မှာ ဖုန်တသောသောထ ကျန်ရစ်ခဲ့သည် ။ တရိပ်ရိပ် ကျန်ရစ် ခဲ့သော မြင်ကွင်းများက နောင့်အာ ရုံကို ဖမ်းစားနိုင်လောက်အောင် နုသစ်လတ်ဆတ်ခြင်း မရှိတော့ပါ။

ကိုယ်တိုင် မြင်းညိုကြီးပေါ်မှ အတူခရီးနှင်ပြီး လိုက်ပါလာသည့် တိုင် ဘယ်နေရာကို သွားရမည်ဟု ဦးတည် ရည်မှန်းချက်က မရှိ။ မြင်း ခြေဦးတည့်ရာကိုသာ လိုက်ပါနေမိသည် ။

နောင်တစ်နှစ်လုံး ကြိုးစားရုန်းကန် လှုပ်ရှားခဲ့သည် မှာ တက်ကြွမှု အပြည့်၊ အားမာန်အပြည့်နှင့် ဖြစ် သော်လည်း နှစ်ကုန်သောအခါ နောင့် ရည်မှန်းထားသလို ဘာတစ်ခုမှ ဖြစ်မလာခြင်းကတော့ နောင့်ကုသိုလ် ကံ ဟု ဆိုရတော့မည် ထင်သည် ။

နောင့် လိမ္မော်ခြံ မှာ အသီးတွေ လှိုင်လှိုင်ထွက်သော်လည်း ဈေး ကောင်းမရလိုက်ပါ။ ပေါ်ဦးပေါ်ဖျားက ဈေးကောင်းမိထား၍ ခံသာခြင်း ဖြစ်သော်လည်း သေချာတွက်စစ်သောအခါ နောင်တို့ ဘက်က ဒီနှစ်

အရှုံးပေါ်ပါ သည် ။

လုပ်အားခ၊ သယ်ယူခ၊ စိုက်ပျိုးရေးစရိတ်၊ အလုပ်သမားစရိတ်တွေနှင့် နောင့်အတွက် ကြွေးထပ်မတင် ခြင်းကိုပဲ ကံကောင်းသည် ဟု ဆိုရမည့် အနေအထားပါ။

ဒါတောင် ဦးကြီးအိုက်ရီနှင့် ဒေါ်အဲယာတို့ ဇနီးမောင်နှံက နောင့်မိသားစုဝင်တွေ ဖြစ်နေလို့ သာ တော် တော့သည် ။ အားလုံးက နောင့်မိဘတွေ လက်ထက်ကတည်းက အတူနေလာကြသူတွေ ဖြစ်ပြီး နောင်ကိုယ်တိုင် သူတို့ လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရသူ ဖြစ်သည် ။

ဝိုင်းလုပ်ဝိုင်းစားအဖြစ် ကျွေးတာစား ပေးတာယူ တကယ့်မိသားစုလေးလို အေးအတူ ပူအမျှ နေခဲ့ကြ သူများ ရှိနေလို့ လည်း နောင့်ဘဝလေးက ဤမျှ ရှင်သန်ရပ်တည်နိုင်ခြင်း ဖြစ်သည် ။

အခုတော့ နောင့်အဖြစ်က ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရသည့်အတွက် နောင်ကိုယ်တိုင် စိတ်မောလှူမော။

"ဟင်း"

ကျယ်လောင်စွာ ချမိသည့် သက်ပြင်းမောကိုပင် ဘယ်သူမှ မကြားနိုင်သည့် နေရာရောက်မှ ချရသူက နောင့်။

ကြွေး...။

နောင့်ခေါင်းထဲမှာ ဦးဝဏ္ဏမျက်နှာကြီး ပေါ်လာသည် ။ တစ်နှစ် တစ်နှစ် ကြွေးကျေအောင် ကြိုးစားနေပါ လျက် ထင်သလောက် ခရီးမပေါက်နိုင်ဘဲ ကြွေးသံသရာမှာ တဝဲဝဲလည်နေရသည့် အဖြစ်ကို နောင်ကိုယ်တိုင် လည်း သဘောမတွေ့နိုင် ဖြစ်နေပါလျက်နှင့် ဘာတစ်ခုမှ မတတ်နိုင်သည့် ဘဝ။

နေထိုင်စားသောက်ရသော စရိတ်နှင့် အလုပ်သမားတို့ ၏ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန် နောင့်တွင် ရှိသမျှ အားမာန်အပြည့် ရုန်းကန်လှုပ်ရှားရသည့် အဖြစ်ပါ။

နောင့်ပိုင်ဆိုင်သည့် ကိုယ်ပိုင်ဥယျာဉ်ခြံမြေနှင့် လယ်ကလေး မဖြစ်စလောက်မှာ လည်း ကြွေးယူသည့် ရန်က အေးလှသည် မရှိ။ တစ်နေ့ အဆင်ပြေလာနိုး မျှော်ကိုးအားထားရင်း ဇွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ဘဲ မနားတမ်း အလုပ်ကို ကြိုးစားခဲ့သော်လည်း ကံမပေးသ၍ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်ရန်သာ ရှိသည် ။

ဖိုးညို၏ ခြေလှမ်းများ ရပ်တန့်သွားချိန်မှာ နောင့်၏ အတွေးကမ္ဘာထဲသို့ သူမပိုင် ခြံမြေဥယျာဉ် ရောက် ရှိလာပါသည် ။

နောင့် ပိုင်ဆိုင်သည့် ခြံမြေဥယျာဉ်ကို ရောက်ရှိနေခဲ့ပါပြီကောလားလေ။ မြင်းညိုကြီးပေါ်က မဆင်းဘဲ မျက်စိတစ်ဆုံး မြင်တွေ့နေရသော မြင်ကွင်းကို ရီဝေတိတ်ဆိတ်စွာ ကြည့်ငေးနေမိသည် ။

မြစိမ်းရောင် တောက်ပနေသော လိမ္မော်ရွက်များကြား တချို့တစ်ဝက် ကျန်ရစ်သော လိမ္မော်သီးများကို ကြိုးကြားမြင်နေရသည် ။

အလုပ်သိမ်းချိန်မို့ မည်သည့် အလုပ်သမားမှ မရှိ။ မြင်းပေါ်က လွှားခနဲ ခုန်ဆင်းလိုက်ပြီးနောက် မြင်းညိုကြီးကို သွားလိုရာ သွားဖို့ ခွင့်ပြုလိုက်မိသလို နောင့်ကိုယ်တိုင်လည်း ညီညာပြန့်ပြူးသော ကွပ်ပျစ် ကျယ်ကြီးပေါ်သို့ ကိုယ်ကိုပြစ်လှဲချလိုက်သည် ။

မျက်နှာတည်ရာ နောင့်မျက်စိရှေ့တည့်တည့်မှာ ပြာလွင်ကျယ်ပြန့်သော မိုးကောင်းကင်ကြီး ဘွားခနဲ ပေါ်လာသည် ။ အားကိုးရာမဲ့လှသော နောင့်အဖြစ်ကို ကောင်းကင်ပြာကြီးက သနားကြင်နာသလို တည်ငြိမ်

နွေးထွေးစွာ ငုံ့မိုးကြည့် နေသကဲ့သို့ မှတ်ထင်ရသည် ။

ဟိုးအဝေးတစ်နေရာဆီမှ ငှက်တစ်အုပ် ပျံသန်းလာတာကို မြင်ရသည် ။ အတောင်ပံတွေကို တဖျပ်ဖျပ် ခတ်လို့ သူတို့ ဦးတည်ရာအရပ်သို့ ပျံသန်းသွားနေကြပုံကို ကြည့်ပြီး နောင့်စိတ်ထဲမှာ အနှောင်အဖွဲ့ ကင်းသော သူတို့ ဘဝကို အားကျချင်လာမိသည် ။

အနှောင်အဖွဲ့ကင်းတဲ့ ဘဝ။

လွတ်လပ်ခြင်းရဲ့ အရသာဟာ ဘယ်လောက်များ ကြည်နူးချမ်းမြေ့စေလိုက်မလဲ။

နောင့်ကတော့ ဘဝခရောင်းတောမှာ မောနေအောင် ပြေးလွှားရဦးမည်။

မျက်ဝန်းအစုံကို ညင်သာစွာ စေ့ပိတ်လိုက်သည် ။ နောင့်မိဘများ ကွယ်လွန်ချိန်မှာ နောင့်အတွက် အမွေ အနှစ်များ စွာ မကျန်ရစ်ခဲ့ပါ။

အတွင်းပစ္စည်းတချို့နှင့် ငွေသားအနည်းငယ် လက်ရှိခြံမြေ ဥယျာဉ်တချို့သာ ကျန်ရစ်ခဲ့ပြီး နှစ်ထပ် တိုက်ခံအိမ်ကြီးနှင့် တခြားဥယျာဉ်ခြံမြေများမှာ ဦးဝဏ္ဏထံမှာ ပေါင်နှံထားခဲ့သည့် အတိုင်း အတိုးအရင်း မပေး နိုင်သဖြင့် ဆုံးရှုံးပြီးရင်း ဆုံးရှုံးလာခဲ့ရခြင်း ဖြစ်သည် ။

ဖခင်ကြီး၏ ဆေးကုသစရိတ်အဖြစ် ငွေအတော်များများ ချေးယူခဲ့ခြင်းမှ အစပြုလျက် အတိုးသံသရာမှ လည်ပတ်နေခဲ့ရာ တတ်နိုင်သမျှ နောင်က ဖဲ့ဆပ်ဆဲ့ဆပ်ခြင်း ဖြစ်သည် ။

ဦးဝဏ္ဏဆိုသည့် လူက နောင်တို့လို လူတွေဆီကို ငွေတိုးပေးပြီး ကြွေးနှင့် မကင်းနိုင်အောင် စွမ်းဆောင် ထားကာ ထွက်သမျှ ပစ္စည်းတွေကို နှိမ်ဈေးဖြင့် သိမ်းယူလျက် ကြီးပွားချမ်းသာနေသူ ဖြစ်သည် ။

ထိုလုပ်ငန်းက ဦးဝဏ္ဏ မိဘဘိုးဘွားလက်ထက်မှ လက်ဆင့်ကမ်းလာခဲ့ခြင်းဖြစ်ပြီး ဦးဝဏ္ဏလက်သို့ ရောက်ရှိလာခြင်းဖြစ်ရာ ဦးဝဏ္ဏလက်သို့ ရောက်ရှိလာခြင်းဖြစ်ရာ ဦးဝဏ္ဏဆိုလျှင် ဒီနယ်တစ်ဝိုက်မှာ မသိသူ မရှိ သလောက်ဖြစ်သည် ။

နာမည်ကောင်းဖြင့် ကျော်ကြားခြင်းက မဟုတ်။ နာမည်ဆိုးဖြင့် လူသိများ သူ ဖြစ်သည် ။ သူပိုင် ချမ်း သာ ကြွယ်ဝမှုပေါင်း မြောက်မြားစွာရှိနေပါလျက် အခုချိန်ထိ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း လူပျိုကြီး အမည်ခံပြီး လက်သိပ်ထိုး တိုးတိုးတိတ်တိတ် ပွေရှုပ်နေသော လူမျိုးဖြစ်သည် ။

ဒီကြားထဲက သူ့သမီးအရွယ်လောက်ရှိသောသူကိုလည်း ပြီတီတီ ရိသဲ့သဲ့ လုပ်ချင်သေးသည် ။

ဟား…။

အခုမှ ပြဿနာပဲ။

နောင့်ကိုယ်တိုင်က မဟုတ်မခံစိတ် ရှိသူဆိုတော့ ဦးဝဏ္ဏနှင့် စကားအခြေအတင် မပြောချင်။ အထူး သဖြင့် ထိုကဲ့သို့သော လူမျိုးကို စကားအောက်ကျို့ ပြောဖို့ ထက် ကျားမြီးသာ ဆွဲလိုက်ချင်သည် ။

နောင့်အလုပ် လုပ်သည် ဆိုတာ အားလုံးကို ကိုယ့်မိသားစုလို သဘောထား လုပ်ခဲ့တာမို့ အလုပ်ရှင်နှင့် အလုပ်သမားရယ်လို့ လည်း ခွဲခြားပြီး တစ်သီးတစ်ခြား တခမ်းတနား လုပ်နေသူ မဟုတ်။

မရှိအတူ၊ ရှိအတူအဖြစ် အလုပ်သမားမိသားစု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စလေး တွေကိုပါ နောင့်ကိုသာ အားကိုးအားထား ပြုနေကြသူတွေ။

အလုပ်ကို အားကြိုးမာန်တက် မခိုမကပ် လုပ်ကြသလို နောင့်အပေါ်မှာ လည်း သစ္စာရှိကြသူများ ဖြစ် သည့် အတိုင်း နောင်ကလည်း ရိုးသား သစ္စာရှိကြသူများ အပေါ်မှာ တုံ့ပြန်စေတနာထားခဲ့သည် ။

ကိုယ်အဆင်ပြေမှ ကိုယ့်ကို မှီခိုအားထားနေရသူတွေ အဆင်ပြေမည်။

အစတုန်းက နောင် စိတ်ကူးယဉ်ပြီး စီစဉ်ထားတာက တစ်မျိုး၊ တကယ်လက်တွေ့မှာ ဖြစ်လာတာက တခြား။ အခြေအနေတွေ အားလုံးကမောက်ကမဖြစ်ကုန်တာ မဆန်းပါ။

ဆန်းတာက နောင့်အပေါ်မှာ သိသာစွာ သဘောထားပြောင်းလာသော ဦးဝဏ္ဏကိစ္စ ဖြစ်သည် ။ အခုတ လော အိမ်ကို အကြောင်းပြချက် တစ်မျိုးမဟုတ်၊ တစ်မျိုးဖြင့် နောင်ရှိနေတတ်သည့် အချိန်တွေကို တမင်ရွေးပြီး လာနေတတ်သည့် အဖြစ်က တကယ့်ကို အမြင်ကပ်စရာ မုန်းစရာကောင်းလှသည် ။

နောင့်မှာ သူ့အကြွေးရှိနေတော့ မနည်းသည်းခံနေရသည် ။ စိတ်ထဲကတော့ အသက်ကြီးသလောက် အချိန်မစီးသော ပြိတ်တီ မျက်နှာနှင့် ထိုလူကြီးကို အပြတ်ပြောပစ်ချင်နေသည် ။

ဒီနှစ်မှာ သူ့အကြွေးကို အပြည့်အဝ မဟုတ်လျှင်တောင်မှ နောင့်ဘက်က အသင့်အတင့် ဆပ်နိုင်လိမ့် မည်ဟု ယုံကြည်မျှော်လင့်ခဲ့သည် ။

အခုတော့ နောင့် မျှော်လင့်ချက်အားလုံး သဲထဲရေသွန် ဖြစ်ခဲ့ရပြီ။

နောင့် ဘာဆက်လုပ်ရမည်နည်း။

ဘာဆက်လုပ်သင့်သလဲဆိုတာကိုပဲ အပြေးအလွှား အဖြေရှာရင်းခေါင်းတွေပူလာသည် ။ ဘယ်လိုပဲဖြစ် ဖြစ် ဦးဝဏ္ဏလက်က နောင့်တစ်

ယောက် ပြေးမလွတ်သေးပါလား။

"ဟား"

"ဝုန်း"

မခံမရပ်နိုင်သလိုလေး အော်ဟစ်ပေါက်ကွဲရင်း လှဲအိပ်နေရာမှ ဝုန်းခနဲ ခုန်ထလိုက်မိသူက နောင့်။ ဦးကြီးနဲ့ ဒေါ်အဲယာရှေ့မှာ ဘာမှ မဖြစ်သလို ဟန်ဆောင်ခဲ့ရပေမယ့် ရင်ထဲမှာ တော့ ပူလောင်မှုတွေနဲ့ ရယ်ပါ။

ဘယ်လိုပဲ မာန်တင်းဟန်ဆောင်နေစေဦးတော့ နောင့်ဆိုတာက ငယ်ရွယ်နုနယ်လှတဲ့ မိန်းမသား တစ် ယောက်လေ။

ယောက်ျားတွေနဲ့ ရင်ဘောင်တန်းပြီး ကိုယ့်ကိုယ်ကိုယ် ယောက်ျားလေးတစ်ယောက်လို ကြိုးစားပြီး မာန်တင်းထားရပေမယ့် မိန်းမသားသဘာဝ တစ်ခါတစ်ခါမှာ တော့ အားငယ်မှုလေးတွေ ဖြစ်ပေါ်ခံစားတတ်ပါ သည် ။

နောင့်မှာ မိဘတွေ မရှိတော့သည့် တိုင် တခြားတိုင်ပင်အားကိုးစရာ ညီအစ်ကိုမောင်နှမတွေ ရှိခဲ့ရင် ဘယ်လောက်များ ကောင်းလိုက်မလည်း ကွယ်။

နောင့်ရင်ထဲက ခံစားနေရတဲ့ သောကတွေကို ရင်ဖွင့်ပြောပြခွင့် ရမည်ဆိုလျှင်တော့ နောင့်ရင်မှာ အနည်းနဲ့ အများ ဆိုသလို ခံစားချက်တွေ လျော့ပါးသက်သာသွားစေနိုင်မည် ထင်ရဲ့ ။

ဒါက နောင့်အထင်ပါ။

လက်တွေ့ဘဝဆိုတာ စိတ်ကူးယဉ်ဘဝနဲ့ ဆန့်ကျင်ဘက် တခြားစီ။ နောင့်ဆိုတာ အသက်အရွယ် နုနု ငယ်ငယ် ရုပ်ကလေးမှုံနေအောင် ချောပေမယ့် ဘဝတောထဲမှာ မောနေအောင် ဦးဆောင်လှုပ်ရှား ပြေးလွှားနေ

ရ သူ။

ဦးကြီးနဲ့ ဒေါ်အဲယာကိုယ်တိုင်လည်း နောင့်အဖြစ်ကို သနားလည်း သနား၊ ကြည့်လည်း မကြည့်ရက်ပါ ပဲ နောင့်မှ ဦးမဆောင်လျှင် မဖြစ်သော စီးပွားရေးလုပ်ငန်းများကြောင့် ဘာတစ်ခုမှ မတားမြစ်သာသည့် အဆုံး ဒီ အတိုင်း လက်ပိုက်ကြည့်နေရသည့် အဖြစ်မှန်း နောင့်နားလည်ပါသည် ။

သူတို့ ဘက်က တတ်စွမ်းသမျှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားကုန်စိုက်ထုတ်လျက် နောင့်မှ သက်သာ ပါစေတော့ဆိုသည့် သဘောဖြင့် ကူညီဖြည့်စွမ်းမှု ပြုကြရှာပါသည် ။

နောင့်အပေါ်မှာ လည်း အားကိုးကြသည် ။ ယုံကြည်ကြသည် ။ သူတို့ ယုံကြည်မှု ပျက်ပြယ်သွားအောင် နောင့်ဘက်က စိတ်နောက်ကိုယ်ပါ ဘာတစ်ခုမှ လုပ်၍ မဖြစ်။

နောင့်မှာ က တစ်ယောက်တည်း မဟုတ်။ နောင့်နောက်မှာ မိသားစုများ စွာ ရှိနေတာကို နောင့် မမေ့ပါ။ တတ်နိုင်ပါဘူးလေ။

အခုလို အခြေအနေ ရောက်မှ တော့ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲလို့ အောက်မေ့လိုက်ရုံအပြင် တခြားဘာများ တတ်နိုင်မှာ လည်း ။

စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားလိုက်သည် ။ တွေဝေနေရုံနှင့် ပြီးသွားမည့် ကိစ္စ မဟုတ်။ အားမာန်အပြည့်ဖြင့် ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စမှာ နောင့်ဘက်က ခွန်အားတွေ ရှိနေမှ ဖြစ်မည်။

"ရှိ"

ဖိုးညိုကြီးကို နောင့် လှမ်းခေါ်လိုက်သည် ။ လိမ္မာသိတတ်လှသော မြ

င်းညိုကြီးက သူ့သခင်မ အလိုကို သိနေသည့် ပုံစံဖြင့် နောင့်အနားကို ဖြည်းညင်းစွာ ရောက်လာသည် ။

"ကဲ… ဖိုးညိုရေ နောင့်အတွက် အားမာန်သတ္တိတွေ ရှိလာအောင် မင်းပဲ ကူညီစမ်းပါဦးကွာ"

မြင်းညိုကြီးကို ညင်သာစွာ ပွတ်သပ်ပေးရင်း ပေါ့ပါးစွာပင် မြင်းညိုကြီးပေါ် လွှားခနဲ ရောက်သွား သည် ။

အရှိန်ဖြင့် ပြေးသွားသည့် မြင်းညိုကြီး၏ ဦးတည်ရာက ဒေါ်အဲယာနှင့် ဦးကြီးတို့ စောင့်ကြိုနေမည့် အိမ်အပြန်ခရီး မဟုတ်ပါ။

နောင့် စိတ်ညစ်တိုင်း ဒါမှ မဟုတ် တစ်ယောက်ထဲ မွန်းကြပ်လာသည့် အခါတိုင်း မြင်းညိုကြီးကို အဖော် ပြုလျက် သွားလာနေကြ နေရာလေးတစ်ခုဆီသို့ ဖြစ်ပါသည် ။

စမ်းပေါက်အိုက် သို့မဟုတ် သွယ်သွယ်မျှင်းမျှင်း စီးဆင်းနေကျသည့် သဘာဝအလှများ ဖွဲ့စည်းထုံမွှန်း ထားသော နေရာလေးဆီသို့ ဖြစ်သည် ။

ထိုနေရာလေးမှာ နောင့်ရင်ထဲက တင်းကြပ်မှု၊ ရှုပ်ထွေး နောက်ကျိမှုများကို ရေတံခွန်မှ စီးကျလာသော အေးစက်သော ရေမှုံရေပန်းများ အောက်မှာ လွင့်မျောစီးဆင်းစေပစ်လိုက်သည် ။

အရှိန်ဖြင့် စီးဆင်းလာသော ရေများ နှင့် အတူ နောင့်မျက်ဝန်းမှ ပူနွေးသော မျက်ရည်များ သည် လည်း ရောနှော စီးဆင်းသွားလေသည် ။

ငိုစမ်း…။

အားရအောင် ငိုပစ်လိုက်။

ဒါမှ နောင့်ရင်ထဲမှာ ရှိနေသော မွန်းကြပ်ဆို့နင့်ခြင်းတွေ ဝမ်းနည်းအားငယ်စိတ်နဲ့ ကြေကွဲရတာတွေ ပြေ ပျောက်သွားပေလိမ့်မည်။

ရင်ထဲမှာ တမြေ့မြေ့ တအုံနွေးနွေး ဖြစ်နေရတာထက် နှိုင်းစာလျှင် အခုလို ပေါက်ကွဲရင်ဖွင့်ပြီး လွတ် လပ်ခွင့် ပေးလိုက်တာက ပိုပြီး စိတ်ကို သက်သာငြိမ်းအေးစေသည် ။

ဒီလိုနည်းနဲ့ ပဲ နောင့် ရင်ဆိုင်ရမည့် အနာဂတ်နေ့သစ်များ အတွက် အားခွန်သစ်များ တစ်ဖန် ဖြစ်တည် မွေးဖွားရဦးမည်။

ဒါသည် ပင်လျှင် နောင့်ဆိုသော နုနယ်ငယ်ရွယ်လှပလွန်းသည့် မိန်းမလှလေးတစ်ယောက်၏ ဘဝပင် မဟုတ်ပါလားလေ။

***

# အခန်း (၂)

"နောင့်ခမျာ သနားစရာ ဦးအိုက်ရီရယ်၊ ကျုပ်တော့ မကြည့်ရက် တိုင်း ကွယ်ရာမှာ ကျိတ်ပြီး မျက်ရည် ကျမိတယ်"

"အင်း... အရွယ်လေးငယ်ငယ် ရုပ်ကလေးမှုံနေအောင် ချောလှရှာ ပေမယ့် ဘဝက အကျိုးပေးလေးက တစ်မျိုးဖြစ်နေမှ ကိုးဗျာ့"

"ကျုပ်လည်း နောင့်ကို သနားစာနာမိပါရဲ့ ၊ သူ့ကို သနားတိုင်း သူ ပင်ပန်းမယ့်အလုပ်မှန်သမျှ ကျုပ်က ချည်း ဦးဆောင်ခဲ့ရတာပေ့ါ မအဲ ယာရယ်"

"ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီကိုရှင့်၊ ကျုပ်တို့ အတွက် သူရှိနေသလို သူ့အတွက်လည်း ကျုပ်တို့ က ရှိနေရ တာပေ့ါ"

"ဟုတ်ပါတယ်ဗျာ... ဟုတ်ပါတယ်"

"အသက်အရွယ်နဲ့ မလိုက်အောင် တကယ့်လူကြီးသူမလေး တစ် ယောက်လို ယောကျ်ားတွေနဲ့ ရင် ဘောင်တန်းနေနိုင်အောင် နောင့်စိတ် ဓာတ် ခိုင်မာနေတာကိုပဲ ကျိတ်ကျေးဇူးတင်နေရသေးတယ်"

"အဲ့ဒါတော့ နောင့်ကို ကျုပ်လည်း ချီးကျူးပါတယ်တော်၊ နောင့်နေ ရာမှာ တခြားမိန်းကလေးတစ် ယောက်ဆို သူ့အဖြစ်က မတွေးရဲစရာပါ ရှင်"

"ဟင်း"

စကားအဆုံးမှာ ပြိုင်တူသက်ပြင်းချမိကြသည် ။ ကိုယ်စီကိုယ်င တတ်နိုင်သည့် ဘက်က နောင့်ကိုချစ်၍ ကူပေးကြသည် ဆိုသော်လည်း လုပ်အားမျှသာ တတ်နိုင်ကြသည် ။

ငွေရေးကြေးရေး ကိစ္စ အပိုင်းကြတော့ နောင့်ကို ဘာတစ်ခုမှ မကူညီနိုင်ရုံမက နောင့်ထံမှ အကူအညီကို ပင် မှီခိုအားထားနေကြရသူတွေ ဖြစ်သည့် အတိုင်း တောင်ဝှေးလဲတော့ ဖိုးသူတော်ထူနိုင်ပေမယ့် ဖိုးသူတော်လဲ တော့ တောင်ဝှေး မထူနိုင်ကြသည့် ဘဝ။

နောင့် ရင်ဆိုင်နေရသည့် အခက်အခဲကို သိနေပါလျက် ဘာတစ်ခုမှ မကူညီနိုင်။ ကိုယ်စီ သက်ပြင်းမော ကြီးတွေနှင့် ငူငူငေးငေးကြီး တွေငိုင်နေမိကြသည် ။

နောင့်က ကိစ္စရှိလို့ အပြင်ကိုသွားမည့် အကြောင်း ပြောသွားပေမယ့် နောင့် ဘယ်ကိုသွားမှန်း သူတို့ လည်း မသိကြပါ။

သိအောင်လည်း မမေးရက်။

စိတ်ရောကိုယ်ပါ မွန်းကျပ်ရှုပ်ထွေးနေသော နောင့်အတွက် စိတ်ဖြေစရာ ထွက်ပေါက်တစ်ခုခုတော့ ရှိသင့်သည် ဟု ထင်သည့် အတိုင်း ကိုယ်စီ သက်ပြင်းကျိတ်ရှိုက်ရုံသာ တတ်နိုင်ကြသည့် အဖြစ်။

ဦးအိုက်ရီက လက်ကျန် အဖန်ရည် ခါးခါးတစ်ဝက်ကို ကောက်မော့လိုက်သည် ။ တစ်ဆက်တည်းမှာ ပင် အနားတွင် ချထားသော ခမောက်ကို ကောက်ယူလိုက်သည် ။

တွေဝေငေးငိုင်နေလို့ အဆင်မပြေသည့် ကိစ္စတွေက သူ့အလိုလို ပြေလည်ဖြေရှင်းပြီးသား ဖြစ်သွားကြ မည်မဟုတ်။ နောင့်ကို တကယ်ချစ်၊

တကယ်သနားလျှင် နောင့်ကိုယ်စား ဆောင်ရွက်စရာ၊ အလုပ်တာဝန် ဝတ္တရားများ လုပ်ဆောင်ပေးခြင်းကသာလျှင် အကောင်းဆုံးဖြစ်သည့် အတိုင်း နေရာမှ ထရပ်လိုက်သည် ။

"ကဲ… ကျုပ်လည်း အချိန်လေးရှိတုန်း လုပ်စရာအလုပ်လေးတွေ လုပ်ဦးမှ ပဲ၊ နောင့်လာရင် ကျုပ် စော် ဘွားကြီးကို ခြံကြီးပိုင်းမှာ ရှိတယ်လို့ ပြောလိုက်ပါ"

"ကျုပ်သွားပြီ ဒေါ်အဲယာ"

"သွား… သွား နောင့်လာရင် ကျုပ် ပြောလိုက်မယ်"

သစ်သီးတင်သည့် ကုန်တင်မြင်းလှည်းဖြင့် ဦးအိုက်ရီ ထွက်ခဲ့သည် ။ သူများ တွေလို ဂျစ်ကားစုတ် ကလေးပင် မဝယ်နိုင်တော့ ရှိတာလေးနှင့် ဖြစ်အောင် သုံးရသည် ။ ဥယျာဉ်ခြံမြေ စိုက်ပျိုးတော့လည်း တစ်ပိုင်တစ်နိုင် မိသားစုစနစ်၊ ဝိုင်းလုပ်ဝိုင်းစား။

ခြံတွေ အများကြီး ပိုင်ဆိုင်ထားသူတွေ ကြားမှာ နောင့်ရဲ့ ပိုင်ဆိုင်မှု ပမာဏလေးက ရယ်စရာ ဖြစ် ကောင်းဖြစ်နေနိုင်ပေမယ့် ဘိုးဘွားပိုင် ခြံမြေမို့ နောင့်အတွက် အဖိုးမဖြတ်နိုင်သော ရတနာမြေဟု ဆိုရမည်။

ဒီ မြေ မှာ မွေး၊ ဒီရေကို သောက်ပြီး ရှင်သန်လူလားမြောက်ခဲ့ရာမှ နောက်ဆုံး ဤမြေမှာ ပင် သေဆုံး ခေါင်းချသွားကြသူများ ။

နောင့်က ဤခြံမြေ၏ နောက်ဆုံးမျိုးဆက် ရင်သွေး ဖြစ်သည့် အတိုင်း ဘိုးဘွားမိဘပိုင် ခြံမြေဥယျာဉ် များ သူမလက်ထက် ရောက်မှ လက်လွှတ်ဆုံးရှုံးရမည့် အရေးမှ သူမ စွမ်းအားရှိသမျှ ကိုယ်အား ဉာဏ်အားလေး ဖြင့် ကာကွယ်စောင့်ရှောက်နေသူလေး ဖြစ်သည် ။

ဦးအိုက်ရီ၏ ကုန်တင်မြင်းလှည်းလေး သွားရာ လမ်းတစ်လျှောက် ဖု

န်မှုန့်များ တသောသောထလျက် ကျန်ရစ်၏။

ဒီဘက်ပိုင်းမှာ တော့ ဦးခွန်နွဲ့ပိုင် ခြံမြေဥယျာဉ်တွေက လက်ညှိုးထိုး မလွဲအောင် ရှိသော်လည်း ဖိဖိစီးစီး အုပ်ချုပ်မည့် အမွေဆက်ခံမည့် သူကဖြင့် တစ်ဦးတစ်ယောက်မှ မရှိချေ။

ဦးခွန်နွဲ့မှာ သားထောက် သမီးခံလည်း မရှိ၊ ညီမဖြစ်သူ ကွယ်လွန် အနိစ္စ ရောက်သွားသဖြင့် တစ်ဦး တည်း ကျန်ရစ်ခဲ့သော တူလေးတစ်ယောက်ကို အမွေစားအမွေခံသားအဖြစ် မွေးစားခဲ့သော်လည်း ဦးခွန်နွဲ့၏ မိန်းမနှင့် မတည့်။

မကြာခဏ ရန်ပွဲဆင်နွှဲကြသဖြင့် မိသားစုရယ်လို့ ပျော်ရွှင်စွာ နေရသည့် အချိန် မရှိသလောက် ဖြစ်ရာ နောက်ဆုံး ဦးခွန်နွဲ့၏ မွေးစားတူကလေးမှာ ဦးခွန်နွဲ့၏ ဇနီးဖြစ်သူ ဒဏ်ကို မခံနိုင်သည့် အဆုံး အိမ်မှ ဆင်းသွားခဲ့သည် ။

ဦးခွန်နွဲ့မှာ တူကို ကြိုးစားပြီး ရှာဖွေပါသော်လည်း ထိုသူငယ်လေးမှာ ပြန်လည်ရောက်မလာတော့ဘဲ ဟိုနေရာမှာ ရောက်နေသလိုလို ဒီနေရာမှာ တွေ့လိုက်သည် ဆိုတာမျိုးနှင့် ပင် အဆုံးသတ်လေသည် ။

ဦးခွန်နွဲ့၏ ဇနီး ဆုံးသွားပြီးနောက်ပိုင်း အဘိုးကြီးမှာ ဘုရားတရားအလုပ်နှင့် သာ အချိန်ကုန်နေပြီး ကျန်ရှိနေသော အချိန်လေးမှာ တူဖြစ်သူ ပြန်အလာကို စိတ်ရှည်စွာ သည်းခံစောင့်စားရင်း ၎င်း၏ အမွေအနှစ်များကို သူ၏ တစ်ဦးတည်းသော အမွေဆက်ခံမည့် တူ ဖြစ်သူ၏ အမည်ဖြင့် ရှေ့နေကို ခေါ်ကာ စာချုပ်စာတမ်း ဖြင့် တိကျစွာ လွှဲအပ်ထားခဲ့ပြီးနောက် သိပ်မကြာခင်မှာ ပင် ကွယ်လွန်သွားခဲ့သည် ။

အားလုံးက ထိုအမွေဆက်ခံမည့် သူကို ပြန်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ကြသော်လည်း ထိုလူ ငယ်လေးမှာ ဒီနေ့အထိ

အရိပ်အယောင်မျှပင် မတွေ့မမြင်ရချေ။

ဦးခွန်နွဲ့၏ နှစ်ထပ်တိုက်အိမ်ကြီးနှင့် အိမ်ထောင်ပရိဘောဂများကို စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ခြံ စောင့်တစ်ယောက်ကို ဦးခွန်နွဲ့၏ လူယုံထဲမှ ရွေးချယ်ခန့်အပ်ထားပြီး ကျန်ရစ်ခဲ့သော ဥယျာဉ်ခြံမြေကိစ္စများကို လည်း ဦးခွန်နွဲ့၏ ရှေ့နေကြီးကပင် စီမံခန့်ခွဲ ဆောင်ရွက်လာခဲ့သည်မှာ အခုချိန်ထိ ဖြစ်သည် ။

အချိန်တို့ မှာ လည်း ကြာမြင့်ခဲ့ပြီဖြစ်ရာ လူတို့ ၏ သဘာဝအတိုင်း ထိုကိစ္စကို ကိုယ့်မိသားစုအရေး ကိုယ့် ဝမ်းရေးထက် ပိုပြီး စိတ်မဝင်စားနိုင်ကြတော့သည့် အတိုင်း ဘယ်သူမှ ထိုမိသားစုအကြောင်းကို အရေးတယူ ပြောဆိုခြင်း မရှိတော့ချေ။

ဦးအိုက်ရီသာလျှင် ဦးခွန်နွဲ့၏ အိမ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရသော ဦးမှုံနှင့် ခင်မင်ရင်းနှီးကြသူ များ ဖြစ်သည့် အလျှောက် ဝါသနာတူ အကျင့်စရိုက်တူသူချင်း မကြာခဏ စားပွဲသောက်ပွဲ တိုတိုထွာထွာလေးများ ကျင်းပရင်း ဟိုအကြောင်း ဒီအကြောင်း ထွေရာလေးပါး ပြောကြဆိုကြရာမှ ဦးခွန်နွဲ့နှင့် သူ့တူအကြောင်း မကြာခဏ ပြောမိဆိုမိတတ်ကြသည် ။

ဦးမှုံမှာ သားထောက်နောက်ခံ မရှိ။ ဇနီးဖြစ်သူ ကွယ်လွန်သွားထဲကရသမျှလေးနှင့် စိတ်ချမ်းမြေ့ရှိ အောင် ကြံဖန်ပျော်ရွှင်အောင် နေထိုင်တတ်သူ ဖြစ်သည် ။ ဦးအိုက်ရီနှင့် လည်း လွန်စွာအဖွဲ့ကျသူ ဖြစ်သည့် အတိုင်း ဦးအိုက်ရီအားလျှင် ဦးခွန်နွဲ့ပိုင် ခြံကြီးသို့ အခုလိုပင် မကြာခဏ သွားရောက်စတည်းချမြဲတည်း။

အခုလည်း ဦးအိုက်ရီ၏ မြင်းလှည်းသံကို ကြားရသည် နှင့် ဦးမှုံကြီးမှာ ခြံတံခါးကို အသင့်ကြိုဖွင့် ထားရုံမက သူ့အတွင် အသင့်ရှိနေသော

သောက်စရာအမြည်းကိုပါ အသင့်ပြင်ပြီး ဖြစ်သည် ။

"လာဗျို့… ကိုအိုက်ရီ၊ ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ၊ ကျုပ် တစ်ယောက်တည်း ပျင်းနေတာဗျာ"

"အင်း… ခင်ဗျားကတော့ ပူပင်သောကရောက်စရာ မရှိတော့ အမြဲ လို အေးအေးချမ်းချမ်း နေနိုင်ထိုင် နိုင်ပြီပေါ့ဗျာ"

"ခင်ဗျားစကားက အဆန်းပါလား၊ ကျုပ်က အပူအပင်ကင်းတယ်ဆို တော့ ခင်ဗျားကတော့ရော ဘယ် မှာ များ ပူပင်စရာရှိလို့ တုန်း"

ဦးမှုံကြီးမှာ ဦးအိုက်ရီစကားကို ရယ်စရာကောင်းလှသော ပြက်လုံး တစ်ခုပမာ နားထောင်ရင်း သူ့ရှေ့က မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင် လိုက်သော ဦးအိုက်ရီထံသို့ ဖန်ခွက်တစ်ခု ကမ်းပေးလိုက်၏။

"ရော့… ချဗျာ"

ဦးအိုက်ရီသည် ဘာစကားမှ ထပ်မဆိုတော့ဘဲ ခွက်တစ်ခုလုံး မော့ချ လိုက်ရာ ဦးမှုံကြီးက နောက်ထပ် ထပ်ထည့်ပေးလိုက်သည် ။

"အင်း… ကျုပ်လည်း ကြားသင့်သလောက် ကြားပါတယ်လေ၊ ခင်ဗျားတို့ ခြံ ဒီနှစ်ရှုံးတယ်ဆို"

"အဲဒါပေါ့ဗျာ… ကျုပ်တို့ အားလုံး စိတ်ညစ်နေတာ၊ ကွေးကိစ္စက လည်း မအေးဘူးဆိုတော့ ကလေး မလေးခမျာလည်း သနားစရာ၊ ကျုပ် တို့ မှာ လည်း အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာဆိုသလိုပေါ့ ဦးမှုံရာ"

"ကံပေါ့ဗျာ… ဒီလိုပဲ လူမတန် ကံကိုပဲ အပြစ်ပုံချရမှာ ပေါ့"

ဦးမှုံက ကံကို အပြစ်ပုံချရုံနှင့် ပြီးသွားနိုင်သော်လည်း ဦးအိုက်ရီမှာ သူ့ကို ကံကိုချည်း အပြစ်ပုံချနေရုံ နှင့် မပြီးနိုင်ခြင်းကြောင့် သက်ပြင်း

ကြီးကို ဟင်းခနဲမြည်အောင် ချလိုက်သည် ။

နောင့်အကြောင်းကို စကားမဆက်ဘဲ တခြားအကြောင်းအရာများကို ထွေရာလေးပါး ပြောနေရသော် လည်း ဦးအိုက်ရီမှာ ခါတိုင်းလို ဘာကိုမှ ဟုတ်တိပတ်တိ စိတ်ဝင်စားခြင်း မရှိဘဲ နောက်ဆုံးလက်ကျန်လေးကို ရှင်းပြီးသည် နှင့် သူ၏ ခမောက်ဟောင်းလေးကို ကောက်ယူကာ ခပ်မြန်မြန်ပင် လမ်းခွဲစကားဆိုလိုက်သည် ။

"ကဲ... ကျုပ်မှာ တခြားလုပ်စရာအလုပ်လေးတွေ မပြတ်သေးလို့ ပြန်လိုက်ဦးမယ်"

"နောက်တစ်ခါလာမှ ခင်ဗျားအတွက် အမြည်းကောင်းကောင်း ကျုပ် လုပ်ထားမယ်"

"ကောင်းပါလေ့ဗျာ... ကဲ ကျုပ်သွားပြီဗျို့"

နှုတ်ဆက်စကားအဆုံးမှာ လှည်းလေးပေါ် တက်ပြီးနေရာက မောင်းထွက်လာခဲ့သည့် တိုင် ဦးအိုက်ရီ စိတ်တွေက ရွှင်ပျခြင်း မရှိ။

လေးလံထိုင်းမှိုင်းလျက်ရှိရာ အိမ်ကို မပြန်ချင်သောသူ ဖြစ်သည့် အတိုင်း သူ့လှည်းလေးကို မြင်းဆွဲခေါ် ရာ လိုက်ပါလျက် ရှိသည် ။

ရာသီဥတုမှာ ချမ်းတမြမြ စိမ့်အေးလှသော်လည်း ပတ်ဝန်းကျင်မှာ မိုးသားတိမ်လိပ်တို့ က ကင်းစင် လျက် ကြည်စင်သာယာလှပပေသည် ။

"တီ... တီ"

နောက်ပါးဆီမှ ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် လှည့်မကြည့်ဘဲနှင့် သူ့လှည်းလေးကို လမ်း ဘေးတစ်ဖက်သို့ ကပ်ပေးလိုက်ရာ အရှိန်ပြင်းပြင်းဖြင့် ကားတစ်စီးမှာ ဦးအိုက်ရီ၏ လှည်းလေးကို ကျော်ဖြတ် သွားသည် ။

ထိုကားပိုင်ရှင်ကို ဦးအိုက်ရီသိသဖြင့် အိုစာသောမျက်နှာမှာ ပို၍ မည်းမှောင်လျက် သိသိသာသာကြီးပင် ပျက်သွားသည် ။

ထိုကားပိုင်ရှင်က တခြားသူမဟုတ်။ နောင့်၏ ကြွေးရှင် ဦးဝဏ္ဏဆို သူတည်း။ ဤနေရာတစ်ဝိုက်တွင် ဦးဝဏ္ဏကို ဟိုနေရာ ဒီနေရာ မကြာခဏ တွေ့မြင်နေကြ ဖြစ်သော်လည်း ဒီနေ့လောက် ကြည့်မရသောနေ့မျိုး မရှိ ခဲ့ဘူးချေ။

နောင့်ခမျာ သူတို့ လူကြီးများ ရှေ့တွင် ဘာမှ မဖြစ်သလို မျက်နှာလေးမော့ ရင်ကိုကော့ပြီး ဘာမှ မဖြစ်လေ ဟန် တကယ့်လူကြီး သူမကြီးတစ်ယောက်လို ဟန်ဆောင်ထားရှာသော်လည်း နောင့်မှာ ငယ်ရွယ်နုနယ်လှသော ကလေးမလေး တစ်ယောက်မျှသာ ဖြစ်တာကို ဦးအိုက်ရီ မမေ့ပါ။

သူတို့ ရှေ့မှာ မပေါက်ကွဲသာ၍ မျိုသိပ်ချုပ်တည်းနေရသော်လည်း ထိုကလေးမလေးသည် သူတို့ မျက် ကွယ်လို နေရာမျိုးမှာ သူမရင်ထဲက ခံစားချက်လေးတွေကို အနည်းနဲ့ အများ ဆိုသလို ရင်ဖွင့်ပေါက်ကွဲမိရှာပေ လိမ့်မည်။

ဒီလိုအခြေအနေမျိုးမှာ နောင့်ကို စိတ်အနှောင့်အယှက် ဖြစ်စေမည့် ဦးဝဏ္ဏလိုလူမျိုးနှင့် နောင့်ကို မတွေ့ ဆုံစေလိုသည် မှာ နောင့်အပေါ် ထားသည့် ဦးအိုက်ရီ၏ စေတနာမေတ္တာ ဖြစ်သည် ။

သို့သော် ဦးအိုက်ရီ၏ စေတနာမေတ္တာမှာ လက်တွေ့ဘဝမှာ ဘာ တစ်စုံတစ်ခုမှ အရာမထင်နိုင်ချေ။

"ဂျိုင်း"

မြင်းလှည်းကလေးသည် ပြေပြစ်ညီချောခြင်းမရှိသော ချိုင့်တစ်ခုအ

တွင်းသို့ ကျသွားခြင်း ဖြစ်သည် ။

"တယ်... ဒီမြင်း"

ဦးအိုက်ရီသည် စိတ်မှာ အလိုမကျတိုင်း အပြစ်မရှိသော မြင်းကိုသာ ဖိလျက်မာန်မဲလိုက်သည် ။ ဦးဝဏ္ဏ ၏ ကားကို မြင်လိုက်ရသဖြင့် ဦး အိုက်ရီစိတ်မှာ ဖြုန်းဆို အိမ်ကိုပြန်ဖို့ သတိရသွား၏။

နောင့်နားတွင် ဒေါ်အဲယာ အမြဲရှိသော်လည်း မိန်းမချည်းပဲမို့ ဦးဝဏ္ဏ ဆိုသည့် လူက တယ်ပြီး ဂရုစိုက်လှ သည် မဟုတ်။

အကြောင်းမရှိ အကြောင်းရှာလျက် တမင်အချိန်ဖြုန်းပြီး နောင့်မျက် နှာကို တကြည့်ကြည့်လုပ်နေပုံမှာ အဘယ်မျှ မြင်ပြင်းကပ်စရာ ကောင်း လှကြောင်း ဒေါ်အဲယာ ပြောတာကို ပြန်အမှတ်ရမိသည် ။

ကာယကံရှင်ဆိုလျှင်မူ ဆိုဖွယ်ရာ မရှိဟု တွေးမိခြင်းဖြင့် ဦးအိုက်ရီ ၏ မျက်နှာမှာ တင်းမာ၍ လာ၏။ နောင့်အနားတွင် ယောကျ်ားသားတစ် ဦး မားမားမတ်မတ် ရပ်တည်နေရန် အထူးပင် လိုအပ်လှသော်လည်း နောင့်တွင် ဦးအိုက်ရီမှ တစ်ပါး တခြားအားကိုးအားထားပြုစရာ မရှိချေ ။

ဦးအိုက်ရီမှာ အိုကြီးအိုမ အလုပ်သမား အဘိုးအို တစ်ယောက်မျှဖြစ် ရာ နောင့်ကို တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်သော်လည်း ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်နိုင်လောက်သူ မဟုတ်ချေ။

သို့သော်လည်း တတ်စွမ်းသမျှ ကာကွယ်စောင့်ရမည်မှာ သူ့တာဝန် ဟု တွေးလိုက်မိသည် နှင့် ဘာတစ်ခုမှ စဉ်းစားမနေတော့ဘဲ မြင်းလှည်း လေးကို နေရာမှ တအားဆွဲကွေ့လျက် အိမ်ရှိရာသို့ ဦးတည်လိုက်သည့် အခိုက် မှာ ပင် ကျယ်လောင်လှသော ကားဟွန်းသံ၊ ဘရိတ်ဖမ်းသံ၊ မြင်း

ဟီသံတို့ မှာ တစ်ပြိုင်တည်းလို စုပြုံညံစီလျက် ငြိမ်သက်တိတ်ဆိတ်မှုအ ပေါင်းကို သောင်းဖြစွာ ဖြိုခွင်းလိုက်တာပဲ ဖြစ်သည် ။

"တီ… တီ"

"အီး… ဟီး… ဟီး"

"ကျွီး"

"ဒုန်း"

"ဝုန်း"

ရုတ်တရက် ဦးအိုက်ရီသည် သူ့ကိုယ်သူ ဘာဖြစ်လိုက်မှန်းပင် မသိ လိုက်ဘဲ ပြာခနဲ ထူပူသွားကာ တုန်း ခနဲ လဲသွားသော မြင်းလှည်းနှင့် ခပ်ဝေးဝေးတစ်နေရာတွင် လွင့်စင်ကျသွားသည် အဖြစ်ကိုသာ နောက် ဆုံး မှတ်မိလေသည် ။

လူသူကင်းရှင်းလှသော လမ်းပေါ်တွင် ဦးအိုက်ရီ၏ ကုန်တင်မြင်းလှ ည်းလေးနှင့် ကားတစ်စီးတို့ ဝင် တိုက်မိခြင်းတည်း။

***